# ကောသလမင်းကြီး အိပ်မက် ၁၆ ချက်

## လယ်တီပဏ္ဍိတ ဦးမောင်ကြီး ရေးသားသော ရှစ်လုံးဖွဲ့ကဗျာများ

၁။ နွားနက်လေးခု၊ ဝေ့မူဟန်ပြင်၊
မဝေ့ကြဘဲ၊ ရှောင်လွှဲသည်မြင်။
အရှေ့အနောက်၊ တောင်မြောက်မိုးဆင်၊
ခြိမ်းသံပေး၊ မိုးဝေးလွင့်ပျောက်စင်။
၂။ မြေကမကြွ၊ ငယ်လှသစ်ပင်၊
ဖူးငုံရင့်ပြီး၊ ပွင့်သီးတွေမြင်။
အရွယ်မမျှ၊ လုံမပျိုခင်၊
သမီးသား၊ လင်ထား အိမ်ထောင်ဆင်။
၃။ယနေ့ဖွားစ၊ နွားမနို့သာ၊
မိခင်နွားကြီး၊ စို့ပြီးနေရှာ။
သမီးနှင့်သား၊ စီးပွားဆိုင်ရာ၊
မိနှင့်ဖ၊ ကျွေးမှ စားရမှာ။
၄။ နွားကြီးမကြိုက်၊ ဝန်တိုက်နွားငယ်၊
မရုန်းနိုင်ဘဲ၊ ဝပ်လဲနေတယ်။
ကြီးသူပယ်ရှား၊ မြောက်ထားလူငယ်၊
တိုင်းပြည်ရေး၊ ရှုပ်ထွေးပွေတော့တယ်။
၅။ ခံတွင်းနှစ်ခွ၊ မြင်းလှရာဇာ၊
ကျွေးမွေးသမျှ၊ မဝနိုင်ပါ။
မှူးမတ်မင်းစိုး၊ လာဘ်ထိုးသူရှာ။
နှစ်ဘက်စား၊ တရားစီရင်မှာ။
၆။ ခွေးအိုထံဆက်၊ ရွှေခွက်သိန်းတန်၊
ကျင်ငယ်အမြဲ၊ ခွက်ထဲစွန့်ပြန်။
မျိုးမြတ်သမီး၊ ပစ္စည်းမက်ဟန်၊
အမျိုးယုတ်၊ လင်လုပ်ပေါင်းဆက်ဆံ။
၇။ ရှေ့ကကျစ်ချ၊ လွန်စကြိုးကို၊
ခွေးမခိုးစား၊ ကိုက်ဝါးကာမျို။
လင်ကြီးပစ္စည်း၊ သိမ်းဆည်းမသို။
လင်ငယ်အား၊ မယား လောကွတ်ပို။
၈။ အိုးငယ်ချည်းနီး၊ အိုးကြီးရေလျှံ၊
အိုးကြီးကိုဘဲ၊ ရေဆွဲလောင်းပြန်။
ဆင်းရဲသူများ၊ ဝတ်စားမကျန်၊
အခွန်တွက်၊ နှိပ်စက် ငွေကောက်ခံ။

၉။ ကြာမျိုးငါးဝ၊ ပွင့်ကြရေကန်၊
ရေလည်နောက်လျက်၊ ကမ်းဘက်ကြည်ပြန်။
မြို့တွင်းပွေ့ရှုပ်၊ ခွန်တုတ်ကောက်ခံ၊
မြို့ပြင်ထွက်၊ ပြည့်နှက်စည်ကားရန်။
၁၀။ တစ်အိုးတည်းချက်၊ အကျက်မညီ၊
ထမင်းမာဆတ်၊ ပျော့နပ်သုံးလီ။
မင်းနှင့်လူများ၊ တရားမညီ၊
မိုးသုံးစား၊ ကွက်ကြားရွာချမည်။
၁၁။ မွေးထုံနံ့ကြူ၊ စန္ဒကူး သိန်းတန်၊
ပုန်းရည်နှင့်လဲ၊ သုံးစွဲစားပြန်။
အလဇ္ဇီများ၊ တရားဖိုးတန်၊
ငွေနှင့်လဲ၊ အမြဲ ဟောမည်မှန်။
၁၂။ သံကြေးမပေါင်း၊ ဘူးတောင်းဘူးအုံ၊
ရေတွင်စုပ်စုပ်၊ နှစ်မြုပ်လုံးစုံ။
ပညာရှိများ၊ စကားဥသုံ၊
ပြောသမျှ၊ လောက မသုံးကုန်။
၁၃။ အိမ်လုံးတောင်လုံး၊ ကျောက်တုံးကျောက်ဖျာ၊
ရေမှာဘွားဘွား၊ ထင်ရှားပေါ်လာ။
ရဟန်းရှင်ဆိုး၊ လူဆိုးများသာ၊
ဂုဏ်ရောင်တိုး၊ တန်ခိုး ပေါ်ထွက်မှာ။
၁၄။ အဆိပ်ပြင်းတောက်၊ မြွေဟောက်ကြီးကို၊
ဖားငယ်မများ၊ ကိုက်ဝါးကာမျို။
ကညာယူထား၊ သက်ကြားဘိုးအို၊
မယားဆဲ၊ အမြဲ အော်ငေါက်ဆို။
၁၅။ အဆင်းမည်းနက်၊ ကျီးငှက်ထံမှာ၊
ရွှေဟင်္သာများ၊ ခ,စားနေရှာ။
ပညာသီလ၊ ပြည့်ဝသူဟာ၊
သူယုတ်အား၊ ဝပ်တွား နေရမှာ။
၁၆။ ဆိတ်ကိုမြင်ကြောင်၊ ကြောက်အားပြင်းထန်၊
ခြသေ့ သစ် ကျား၊ ခုန်လွှား ပြေးပြန်။
သူယုတ်မာများ၊ ထောင်လွှား နိုင်ငံ၊
သူတော်ကောင်း၊ ပုန်းအောင်း တောမြိုင်ယံ။

**ကျမ်းကိုး၊ ၊ ဇာတက၊ ၁၊ မဟာ သုပိနဇာတက၊ ၁၈၊ ၊ ၁၊ ၃၅၅–၃၆၃၊**
**သာရတ္ထဒီပနီ ဋီကာ၊ ၂၊ ၃၀၄–၃၁၂၊ အံ၊ ၃၊ ၆၂–၆၉၊**

*( ဆရာတော် ဦးဇောတာလင်္ကာရ ပြုစုသော မွေ့ာနန္ဒ ဝတ်ရွတ်စဉ်၊ စာ–၁၈၈–၁၉၁)*